သောကြာနေ့ အိမာမ် ခွသ်ဗဟ် မိန့်ခွန်းပြောနေစဉ်

သင့်နံဘေးတွင် ရှိသောသူကို ဆိတ်ဆိတ်နေပါဟု

အသင်ပြောဆိုလျှင် အမှန်တကယ် အသင်သည်

အချည်းနှီးကိစ္စတစ်ခုကို ပြုလုပ်လိုက်ခြင်းဖြစ်သည်။

အဗူဟုရိုင်ရဟ်(ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)
မိန့်ကြားတော်မူသည်။ သောကြာနေ့ အိမာမ် ခွသ်ဗဟ် မိန့်ခွန်းပြောနေစဉ်
သင့်နံဘေးတွင် ရှိသောသူကို ဆိတ်ဆိတ်နေပါဟု အသင်ပြောဆိုလျှင် အမှန်တကယ် အသင်သည်
အချည်းနှီးကိစ္စတစ်ခုကို ပြုလုပ်လိုက်ခြင်းဖြစ်သည်။
[صحيح] [متفق عليه]

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် သောကြာနေ့ ခွသ်ဗဟ်ကို နားထာင်ရန်လာရောက်ကြသူများ လိုက်နာရန်အရေးကြီးသည့် စည်းကမ်းကို ရှင်းပြတော်မူခဲ့သည်။ ၎င်းမှာတရားစကားများကို စဥ်းစားဆင်ခြင်နိုင်ရန်အတွက် တရားဟောကြားသူ၏ ခွသ်ဗဟ်ကိုတိတ်ဆိတ်စွာ နားထောင်ရမည်ဖြစ်သည်။ အကြင်သူသည် အိမာမ် ခွသ်ဗဟ် မိန့်ကြားနေစဉ်စကားအနည်းအကျဉ်းမျှပင်ဖြစ်စေ ဥပမာ- မိမိနံဘေးတွင်ရှိသူကို “ဆိတ်ဆိတ်နေပါ” “ခွသ်ဗဟ်နားထောင်ပါ“ ဟူသည့်စကားမျိုးကိုပင်ဖြစ်စေ ပြောဆိုလိုက်ပါက ဂျုမုအဟ် ဆွလာသ်၏ထွတ်မြတ်မှုမှလက်မဲ့ဖြစ်သွားမည်ဖြစ်သည်။

https://sunnah.global/hadeeth/my/show/3107